# မာတိကာ

ဥယျာဇဉ်

နိဒါန်း


(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာ SME များ၏ အခန်းကဏ္ဍနှင့် မျက်မှောက်စီးပွားရေး အခြေအနေ

(၂) မြန်မာ SMEs များ၏နောက်ခံသမိုင်း

မြန်မာ SME များ၏ အားသာချက်များနှင့် အားနည်းချက်များ

(၃) နိုင်ငံတော်အဆင့် SMEs ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များ

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီ

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီအောက်ရှိအစုအဖွဲ့များ

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဆပ်ကော်မတီ

(၄) SMEs ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများ

မြန်မာ SME ပေါ်လစီ

မြန်မာ SME ဥပဒေပေါ်ပေါက်လာပုံအဆင့်ဆင့်

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး နည်းဥပဒေ ရေးဆွဲရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ

## (၅) အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာန

ဝန်ဆောင်မှုပေးသည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနများ တိုးချဲ့ဖွဲ့စည်းခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်မှုများ

နည်းပညာဆိုင်ရာအကူအညီပံ့ပိုးပေးမှုများ

စျေးကွက်ချဲ့ထွင်လာနိုင်ရေး ပံ့ပိုးပေးမှုများ

- နိုင်ငံတကာပြပွဲများ၊ ပြည်တွင်းပြည်ပပြပွဲများတွင် ပူးပေါင်းဆောင်ရွက်ခြင်း

အသိပညာဖွံ့ဖြိုးရေး နှင့် သတင်းအချက်အလက်များ လွယ်ကူချောမွေ့စေရေး ဆောင်ရွက်မှုများ

- ပြန်အလှန်ဆွေးနွေးနိုင်သည့် SME Sataday Talk များ ကျင်းပပေးခြင်း

ငွေကြေးအရင်းအမြစ်နှင့် ဘဏ္ဍာငွေထောက်ပံ့မှုများ

အာဆီယံအသေးစားနှင့် အလတ်စားလုပ်ငန်းများ အေဂျင်စီအဖွဲ့နှင့် ဒေသတွင်း Program များ၌ပူးပေါင်းဆောင်ရွက်မှုများ

နည်းဗျူဟာနှင့် စီမံကိန်းများကိုရေးဆွဲနိုင်ရန် စက်မှုလုပ်ငန်းနှင့် စီးပွားရေး လုပ်ငန်းဆိုင်ရာ အချက်အလက်များ ကောက်ခံပြုစုခြင်း

## နိဂုံး

### Success Stories

- SME ဥပဒေသစ် ပြဋ္ဌာန်းနိုင်ခြင်းနှင့် စီးပွားရေးဆိုင်ရာမူဝါဒများ ပြုပြင်ပြောင်းလဲခြင်း
- GIZ ၏ အထောက်အပံ့ဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း ပလောင်ဒေသတွင် လက်ဖက်နှင့် သရက် Supply Chain မြှင့်တင်နိုင်ခြင်းနှင့် ခေတ်မီ လက်ဖက်စက်ရုံအောင်မြင်စွာတည်ထောင်နိုင်ခြင်း

- ကမ္ဘာဈေးကွက်တွင် မြန်မာသရက်သီးများတင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းမှု
- UNIDO ၏ အထောက်အပံ့ဖြင့် ပုဂံဒေသ ယွန်းထည်လုပ်ငန်း တိုးတက်မှုအစုအဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုများတိုးတက်လာခြင်း
- အရည်အသွေး ကောင်းမွန်သော လက်ဖက်ခြောက်များ ပြည်ပသို့ ပုံမှန်တင်ပို့နိုင်ခြင်း

## Appendix

- SME Development Law
- SMEs Development Department မှ ၂၀၁၅ ခုနှစ်အတွင်း ကျင်းပပြုလုပ်မည့် Training Calendar
- Relaxation Announcement of import Used-Machine for SME

## ဥယျောဇဥ်

မြန်မာနိုင်ငံ၏ သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်ပေါကြွယ်ဝမှု၊ ဒေသတွင်းအချက်အချာကျသော နေရာတွင် တည်ရှိနေမှုစသည့် အားသာချက်များကိုအခြေခံလျက် ဒီမိုကရေစီအစိုးရသစ်သည် ပြောင်းလဲနေသောဈေးကွက်စီးပွားရေးစနစ်နှင့်အညီ မူဝါဒများ ချမှတ်ကာတိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်ရှင်သန် အားကောင်းလာစေရေးကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ပုဂ္ဂလိကကဏ္ဍဦးဆောင်သော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ခြင်း၊ နိုင်ငံသားတို့၏ အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများ တိုးတက်ကောင်းမွန်စေခြင်းဖြင့် လူမှုစီးပွားဘဝမြင့်မားလာမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးပုံစံပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ပေါ်ပေါက်လာစေရန် နိုင်ငံတော်အစိုးရသည် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုပြုပြင်ပြောင်းလဲခြင်း၊ ဥပဒေနှင့်မူဝါဒများ ပြုပြင်ပြောင်းလဲခြင်းနှင့် ဝန်ဆောင်မှုမြှင့်တင်ပြောင်းလဲခြင်းများကို နိုင်ငံတဝှမ်း ပြုပြင်ဆောင်ရွက်ခဲ့ပါသည်။ ထို့အတူနိုင်ငံ၏ အဓိကကျောရိုးဖြစ်သော SMEs များကို အားပေးမြှင့်တင်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတဦးသိန်းစိန်ဦးဆောင်သည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၊ ဒုတိယသမ္မတဦးဉာဏ်ထွန်း ဦးစီးသည့် အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဆပ်ကော်မတီ (Delivery Units) များကို National Level ၌ ဖွဲ့စည်းလျက် SME Framework ကို ခိုင်မာစွာ တည်ဆောက်ခဲ့ပါသည်။

အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသအတွင်း ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားမှုနှင့်အတူ ဒေသတွင်း ဈေးကွက်ဝေစုတိုးမြင့်ရရှိနိုင်ရန်၊ SME များ အတွက် အဟန့်အတား ဖြစ်နေသော အခက်အခဲများကိုလျှော့နည်း ပပျောက် စေပြီး၊ လုပ်သာကိုင်သာရှိသောစီးပွားရေး ဝန်းကျင်ကောင်း ဖြစ်ထွန်းလာစေ ရန် ကြိုးပမ်းနေမှုများကို အများပြည်သူသိရှိနိုင်စေရန် ရည်ရွယ်လျက် ပထမ အကြိမ် SME Annual Report ၂၀၁၅ ကိုရေးသားထုတ်ဝေခြင်းဖြစ်ပါသည်။

ဤအစီရင်ခံစာတွင် အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများ ၏ စွမ်းရည်မြင့်မားစေရန် တိုက်ရိုက်ထောက်ပံ့နေခြင်းအပြင် စီးပွားရေး ဝန်းကျင် တစ်ခုလုံးအတွင်းပါဝင်ပတ်သက်နေသည့် Stakeholders များ၊ Institutions များနှင့် Infrastructure များ တိုးတက်လာစေရန် ဦးတည် ဆောင်ရွက်နေမှုများကို တင်ပြထားပါသည်။ အသေးစားနှင့် အလတ်စား လုပ်ငန်းများကို ကဏ္ဍအလိုက် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ထောက်ပံ့ပေးခြင်းဖြင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် International Networking အတွင်းအလွယ်တကူ ဝင်ရောက် နိုင်ပြီး၊ International အဆင့်မီ SME များဖြစ်လာရေးကို မျှော်မှန်းလျက်ပြည်တွင်းပြည်ပ မိတ်ဖက် အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီးတစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါ ကြောင်း တင်ပြလိုက်ပါသည်။



နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး စီးပွားဥစ္စာများ ဒီရေအလားတိုးပွားကြပါစေ….






မောင်မြင့်
ပြည်ထောင်စုဝန်ကြီး
အတွင်းရေးမှူး